**ရှမ်းပြည်မြစ်ချောင်းများအတွက်လှုပ်ရှားမှုအဖွဲ့မှ နောက်ဆုံးရသတင်း**

ဒီဇင်ဘာလ ၆ ရက်၊ ၂၀၁၉ ခုနှစ်

**ဒေသခံများ၏ ဆန့်ကျင်မှုများကြားမှ မိုင်းခုတ်တွင် ကျောက်မီးသွေးစတင်တူးဖော်**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် မိုင်းခုတ်တွင် ဒေသခံရပ်သူရွာသားများဆန့်ကျင်မှုများကြားမှ လွန်ခဲ့တဲ့ အောက်တိုဘာလနောက်ဆုံးအပတ်ကတည်းကစပြီး ကျောက်မီးသွေးတူးဖော်ရေးအတွက် မြေရှင်းလင်းမှုကိုလုပ်ဆောင်ခဲ့သည်။

လွန်ခဲ့တဲ့ အောက်တိုဘာလ 22 ရက် 2019 က ရွာသူရွာသား (300) ကျော်က ကျောက်မီးသွေးတူးဖော်ခြင်းမှ ၎င်းတို့၏ မြေနေရာများကာကွယ်သောအနေဖြင့်ဆုတောင်းပွဲတရပ်ပြုလုပ်ခဲ့ကြသော်လည်း ထိုနေ့ရက်ကတည်းကစပြီးထိုင်း ကုမ္ပဏီမှ အလုပ်သမားများက ဝမ်ဝိန်းရွာရဲ့ အနောက်တောင်ဘက်တွင် 3,200 ဧကေအကျယ်ရှိ မြေနေရာကို ဘတ်ဖိုး၊ ဘူတိုဇာနှင့်ဆယ်ဘီး ကားများ အသုံးပြုပြီး မြေရှင်းလင်းနေခဲ့သည်။

နိုဝင်ဘာလ 2 ရက်နေ့ 2019 တွင်လည်း လူဦးရေ 2,500 ခန့်ရှိသော မိုင်းခုတ်တိုက်နယ်အုပ်စု ကျေးရွာ (9) ရွာအနက် ကျေးရွာ (8) ရွာရှိ မိုင်းဆတ်မြေယာအလုပ်အမှုဆောင်ထံမှ ရွာသားများ သိရသည်မှာ ကျောက်မီးသွေးမိုင်းနှင့် ကျောက်မီးသွေး သုံးဓာတ်အားပေးစက်ရုံအတွက်လမ်းဆောက်လုပ်ရန် ၎င်းရွာများအတင်းရွှေ့ပြောင်းခိုင်းမည်ဟုဆိုသည်။

မိုင်းခုတ်တွင် 28 နှစ်ကျောက်မီးသွေးစီမံကိန်းကို ဇူလိုင်လ 2019 က ထိုင်း Sahakol Equipment Co. Ltd (SQ) Company နှင့် မြန်မာရွှေရေကန် (Golden Lake Co. Ltd) ကုမ္ပဏီတို့မှ နှစ်ဦးနှစ်ဖက်ဖက်စပ် သဘောတူညီချက်ရေးထိုးခဲ့ကြသည်။ Golden Lake ရဲ့ကြိုးကိုင်မှာ မြန်မာအစိုးရစစ်တပ်ပိုင် မြန်မာ့စီးပွါးရေး ကော်ပိုရေးရှင်း (Myanmar Economic Corporation -MEC)ဖြစ်သည်။ ရွှေရေကန်ကုမ္ပဏီ(Golden Lake Co.Ltd)ပိုင်ရှင် စိုင်းနွန်း မိုင်းခုတ်သို့ အလည်ရောက်ခဲ့စဉ်က ၎င်းသည် မြန်မာအစိုးရစစ်တပ်နှင့်သာ တည်းခိုနေထိုင်ခဲ့သည်။

MEC သည် မိုင်းခုတ်ကျောက်မီးသွေးစီမံကိန်းအတွက် 2008 ခုနှစ်တွင် Saraburi Coal (Italian Thai Development Companyရဲ့လက်အောက်ခံတစ်ခု) နှင့် မူလပူးတွဲစီမံကိန်းလုပ်ကိုင်သူလည်း ဖြစ်ခဲ့သည်။ သို့သော် ထိုင်းနယ်စပ်ဘက်ရှိ ဒေသခံများ အပြင်းအထန်ဆန့်ကျင်ပြီးတဲ့နောက် အဆိုပါစီမံကိန်းသည် 2011 ခုနှစ်တွင် ရပ်ဆိုင်းခဲ့ရသည်။

သို့သော်လည်း MEC သည် မိုင်းဆတ်မြို့နယ် မိုင်းခုတ်တွင် 13.7596 စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိ ကျောက်မီးသွေး မိုင်းတူးဖော်ရန် နှစ် (20) လိုင်စင် ( 18 နိုဝင်ဘာလ 2018မှ 17 မတ်လ 2035ခုနှစ်အထိ) ရရှိကြောင်း အစီရင်ခံစာထုတ်ခဲ့ပြီး၎င်း Myanmar EITI 2015-2016 အစီရင်ခံစာ၌ အဆိုပါစီမံကိန်းအတွက် MEC အနေနဲ့ ဆက်လက် တွန်းအားပေးနေခဲ့သည်။


ဇူလိုင်လ 17/ 2017 တွင် မိုင်းဆတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မိုင်းခုတ်ရပ်ကွက် (3) ရပ်ကွက်ရှိ ရွာသူကြီးတွေဆီသို့ အကြောင်းကြားစာတစ်စောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါစာတွင် ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံနှင့် အခြားသော ရည်ရွယ်ချက်များအတွက် လယ်ယာမြေ (200) ဧက အသုံးပြုရန် MEC စီစဉ်နေခဲ့ပြီး မည်သည့်ကန့်ကွက်မှုများမဆို ဩဂုတ်လ 15/ 2017 မတိုင်မီ ရေးသားတင်ပြရန် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းကို ဆန့်ကျင်ကန့်ကွက်ရန် မိုင်းခုတ်ရှိ ရပ်ကွက်(3)ရပ်ကွက်မှ ရပ်သူရွာသားများက အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့၍ ဩဂုတ်လ 9/ 2017တွင် မိုင်းဆတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်စာတစ်စောင်အတွက် လက်မှတ်ကောက်တင်ပြခဲ့ပြီး ၎င်းစာကိုလက်ခံသော်လည်း ပြန်လည်အကြောင်းကြားခြင်းမရှိခဲ့ပါ။

သို့သော်လည်း ဒီနှစ် ဩဂုတ်လ 12 ရက်နေ့ ည(7) အချိန်တွင် ကုမ္ပဏီမှဝန်ထမ်းသည် မိုင်းခုတ်ရွာသူကြီးတစ်ဦးဆီကို ရောက်လာပြီး ဒေသခံနှင့် ကုမ္ပဏီကြား ပြဿနာများ ဖြစ်ပေါ်စေနိုင်တဲ့ လွန်ခဲ့သော (2) နှစ်က ပေးပို့ခဲ့သော ကန့်ကွက်စာ

အား ပြန်လည်ရုပ်သိမ်းသင့်ကြောင်း ပြောကြားခဲ့သည်။ ရွာသူရွာသားများအနေနဲ့ ၎င်းတို့လက်မှတ်ရေးထိုးခဲ့သည်ကို အမှန်တကယ် နားလည်ပါသလား၊ တစ်စုံတစ်ယောက်က ထိုသို့ပြုလုပ်ရန် တွန်းအားပေးသလားဟု လာရောက်မေး မြန်ခဲ့ပါသည်။ ကျောက်မီးသွေးစီမံကိန်း၏အားသာချက်များနှင့် အားနည်းချက်များကို ရွာသားများအားလာရှင်းပြမည်ဟုလည်း ကတိပေးခဲ့သည်။

**မိုင်းခုတ် ဒေသ ကျောက်မီးသွေး စီမံကိန်းပြ မြေပုံ**




အောက်တိုဘာလ 17 ရက် 2019 တွင် ညနေ 3 နာရီမှ 5 နာရီအချိန်အထိ ဝမ်ဝိန်းဘုန်းကြီးကျောင်း၌ ထိုင်းကုမ္ပဏီ ကိုယ်စားလှယ်များက ရွာသားများနှင့် လာရောက်တွေ့ဆုံပြီး အစည်းအဝေး တစ်ရပ်ပြုလုပ်ခဲ့သည်။ အောက်တိုဘာလ 25 ရက် 2019 ကစပြီးပထမသုပ် အစမ်းသဘောဖြင့်သာ ကျောက်မီးသွေးတူး ဖော်မည် ဟု၎င်းတို့က ထိုအစည်းအဝေးတွင် ပြောကြား ခဲ့သည်။ သို့သော် ထိုတူးဖော်တဲ့ အရွယ်အစားမှာ အစမှာပင် ကြီးကျယ်သော မြေယာရှင်းလင်းခြင်းနှင့် အစမ်းသဘောသာ တူး ဖော်ခြင်းထက် တူး၍ဖော်ထုတ်ထားသည့် ကျောက်မီးသွေးပုံကို ကြည့်ပြီး အစမ်းမဟုတ်သည်ကို သိသာထင်ရှား ပါသည်။



*ကျောက်မီးသွေးတူးဖော်ရေးအတွက် ကြီးမားသော မြေရှင်းလင်းမှု*




*ကုမ္ပဏီအလုပ်သမားများ၏ စခန်း*

အဓိကအားဖြင့် ထိုင်းနိုင်ငံနှင့် ထိုင်းနိုင်ငံအတွင်း ဖြန့်ဝေရန် အတွက် 600 မဂ္ဂါဝပ်ထွက်ရှိမည့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ခုတည်ဆောက်ရန် ကျောက်မီးသွေးကိုတစ်နှစ် အတွင်း တန်ပေါင်း (300,000) ရရှိရန် စီစဉ်တူးဖော်မည်ဟု ထိုင်းသတင်းဖော်ပြချက်အရသိရသည်။

တူးဖော်ထွက်ရှိလာမည့်ကျောက်မီးသွေးကို မိုင်းခုတ်မှ မိုင်းလုံး၊ မိုင်းဟိုင်းမှ တစ်ဆင့် တာချီလိတ်အတွင်းရှိ တော်ကော့အထိ ထို့မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင် ချစ်ကြည်ရေးတံတား အမှတ် -2 (No. 2 Friendship Bridge) တွင်ကျော်ဖြတ်တင်ပို့ မည်ဟု ထိုင်းကုမ္ပဏီဝန်ထမ်းက ပြောသည်။

ကျန်ရှိသော ကျောက်မီသွေးတစ်ချို့ကို 22 ဒီဇင်ဘာလ 2017 တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission) ထံမှ ခွင့်ပြုချက်ရသော မင်းခေတ်သစ် ကုမ္ပဏီက မိုင်းဟိုင်း နှင့် တာချီလိတ်ကြားရှိ နမ့် ဟဲမ်း ကျေးရွာတွင် တည်ဆောက်လျက်ရှိသည့် 23 မဂ္ဂါဝပ် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံအတွက် အသုံးပြုမည် ဟုလည်း ယူဆခဲ့သည်။ မင်းခေတ်သစ်ကုမ္ပဏီသည် ၎င်းနည်းတူ ထိုဧရိယာအတွင်း 0.2003 စတုရန်းကီလိုမီတာ အကျယ် အဝန်းရှိ ကျောက်မီးသွေးတွင်းကို တူးဖော်ခွင့် ပြုချက် (5) နှစ် (24 ဇူလိုင်လ 2015 မှ 10 ဖေဖော်ဝါရီလ 2020 အထိ) ရ ရှိခဲ့သည်။

**မိုင်းခုတ်ဒေသမှ ကျောက်မီးသွေးများ သယ်ယူမည့် လမ်းကြောင်းပြ မြေပုံ**



**ဆက်သွယ်ရန်**

| | | |
|---|---|---|
| စိုင်းခေးဆိုင် | +95 98-893-712-91 | (ရှမ်း၊ မြန်မာ၊ အင်္ဂလိပ်) |
| နန်းချမ်တောင်း | +66 87 658 9551 | (ရှမ်း၊ ထိုင်း၊ အင်္ဂလိပ်) |
| နန်းပွှမ် | +66 82 189 0684 | (ရှမ်း၊ ထိုင်း) |
| စိုင်းပော်ရှုန် | +66 94-728-6696 | (ရှမ်း၊ အင်္ဂလိပ်) |